အသင်တို့၏ဆွဖ်အတန်းများကို ညီညာစွာ စီတန်းကြကုန်။ဧကန်အမှန်ပင် ဆွဖ်အတန်း ညီညာစွာစီတန်းခြင်းသည်

ဆွလာသ်၏ ပြည့်စုံမှုအနက်မှပင်ဖြစ်သည်။

အနတ်စ်ဗင်န်မာလိက် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ အသင်တို့၏ဆွဖ်အတန်းများကို
ညီညာစွာ စီတန်းကြကုန်။ ဧကန်အမှန်ပင် ဆွဖ်အတန်း ညီညာစွာစီတန်းခြင်းသည် ဆွလာသ်၏
ပြည့်စုံမှုအနက်မှပင်ဖြစ်သည်။ [صحيح] [متفق عليه]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ဆွလာသ် ဝတ်ပြုသူများအားဆွဖ်အတန်းများညီညာစွာ စီတန်းကြရန်နှင့် တချို့က အရှေ့သို့ ထွက်နေခြင်း၊ တချို့ကအနောက်သို့ ရောက်နေခြင်းမဖြစ်စေရန် အမိန့်ပေးတော်မူခဲ့သည်။ ဧကန်အမှန်ပင်ဆွဖ်အတန်းများ ညီညာစွာစီတန်းခြင်းသည် ဆွလာသ်၏ ပြည့်စုံမှုအနက်မှပင်ဖြစ်ပြီးဆွဖ်အတန်းများ ကောက်နေခြင်းသည် ဆွလာသ်၌ ချို့ယွင်းချက်နှင့်မပြည့်စုံမှုပင်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/3031